# နွေဦးအသံ
## the voice of spring

21.4.2021 · Wednesday · No . 16 · Daily News Pamphlet

## အမျိုးသမီးနှင့် ကလေးငယ်များ နှိပ်စက်ခံရမှုကို ကုလအပါအဝင် အာဆီယံနှင့် သက်ဆိုင်ရာအဖွဲ့အစည်းများသို့ တိုင်ကြားရန် NUG ပြည်ထောင်စုဝန်ကြီး နော်စူစန်နာလှလှစိုးက ပြင်ဆင်နေဟုသိရ

သတင်းတို

ရင်းမြစ် – NUG မှ

## အပြည်ပြည်ဆိုင်ရာကုန်သွယ်ရေးသမဂ္ဂအဖွဲ့ချုပ် ITUC မှ NUG ကို ကြိုဆိုထောက်ခံကြောင်းနှင့် တရားဝင်အစိုးရအဖြစ် အသိအမှတ်ပြုဖို့ ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာအစိုးရများကို တိုက်တွန်းခဲ့

သတင်းတို

ရင်းမြစ် – နွေဦးအသံ မှ

## ဆရာကြီးဟံသာဝတီဦးဝင်းတင် ကွယ်လွန်ခြင်း(၇)နှစ်ပြည့် အောက်မေ့လွမ်းဆွတ်ခြင်း



'စစ်အာဏာရှင်ယန္တရားဆိုတာ စစ်အာဏာရှင်ထက် ပိုကြောက်စရာကောင်းတဲ့ ယန္တရားဗျ။ စစ်အာဏာရှင်ဆိုတဲ့လူဟာ အာဏာ မရှိတော့ဘူးဆိုတာနဲ့ ပြုတ်သွားမှာ၊ သူပြုတ်သွားတာနဲ့ နောက်စစ်အာဏာရှင်တယောက် ပေါ်ချင်မှ ပေါ်တာ၊ စစ်အာဏာရှင်ယန္တရားဆိုတာကတော့ အမြဲတမ်း ကြိုတ်ဝါးနေမှာပဲ။ အခု ကျနော်တို့တိုင်းပြည်ကို စစ်အာဏာ ယန္တရားကြီး ဖြိုဝါးနေတယ်။ နင်းချေနေတယ်။ ဒါကြောင့် ဒီယန္တရားကြီးကို ဖျက်သိမ်းပစ်ရမယ်။ အမြစ်ကလှန် ဖြိုလှဲပစ်ရမယ်'

ဟံသာဝတီဦးဝင်းတင်

–ခေတ်ဝန်ကိုထမ်းခေတ်လမ်းကိုလျှောက်စာအုပ်မှ

## NUG ကို ကြိုဆိုထောက်ခံကြောင်း တနိုင်ငံလုံး၌ အရှိန်မပြတ် ဆန္ဒဖော်ထုတ်လျက်ရှိ




ဧပြီ ၂၀ ရက်၊ မန္တလေးမြို့၌ ချီတက်ဆန္ဒဖော်ထုတ်ခဲ့သည့် အင်ဂျီနီယာသပိတ်စစ်ကြောင်းကိုတွေ့ရစဉ် -(ဓါတ်ပုံ - CJ )

## မြန်မာနိုင်ငံ၌ ဒီမိုကရေစီ ပြန်လည် အသက်သွင်းရန် US နှင့် အိန္ဒိယတို့ထောက်ခံဆွေးနွေးခဲ့

သတင်းတို

ရင်းမြစ် – မြန်မာနောင်း မှ

## ချောင်းသာကမ်းခြေဟိုတယ်တခုမှ ဝန်ထမ်း(၄)ဦး ကိုဗစ်ကူးစက်ခံရ

သတင်းတို

ရင်းမြစ် – မဇ္ဈိမ မှ

## ပြည်သူများ၏ ငွေနှင့်ပစ္စည်းများကို အကြမ်းဖက်စစ်အုပ်စုမှ နှိပ်စက်လုယက်မှု ပိုမိုများပြားလာဟုသိရ

သတင်းတို

ရင်းမြစ် – RFA မှ

## စစ်ကိုင်း၊ ယင်းမာပင်၊ သပြေအေးကျေးရွာမှ ဒေသခံများ ရွာလုံးကျွတ် နေရပ်စွန့်ခွာနေကြရ

သတင်းတို

ရင်းမြစ် – နွေဦးအသံ မှ

## အာဏာလုစစ်ခေါင်းဆောင်(၁၀)ဦးနှင့် စစ်တပ်ပိုင်စီးပွားရေးလုပ်ငန်း(၂)ခုကို EUမှပိတ်ဆို့အရေးယူခဲ့

သတင်းတို

ရင်းမြစ် – BBC မှ

## မန္တလေး၊ မြရည်နန္ဒာအိမ်ရာအနီးရှိ အမှိုက်ပုံတွင် အလောင်းတလောင်း လာရောက်စွန့်ပစ်ခဲ့ဟုသိရ

သတင်းတို

ရင်းမြစ် – မြန်မာနောင်း မှ

## မြန်မာ့အရေးကို ပြည်တွင်းရေးအဖြစ်သာ အာဆီယံသတ်မှတ်မထားဖို့ဘန်ကီမွန်းပြောကြား

သတင်းတို

ရင်းမြစ် – မဇ္ဈိမ မှ

ဖတ်ပြီးလျှင် လက်ဆင့်ကမ်းဝေမျှပေးပါ၊ ဖြစ်နိုင်လျှင် မိတ္တူပွား၍ ဆက်လက်မျှဝေပါ၊
ဖုန်းဖြင့် ဆော့ဖ်ကော်ပီကိုလည်း အဆင်ပြေသလို ဖြန့်ချိမျှဝေပေးကြပါ၊ သတင်းစီးဆင်းမှုသည် တော်လှန်ရေး၏ အသက်သွေးကြောတစ်ခုပင် ဖြစ်သည်။

# သတင်း မှတ်စု

ဧပြီလ (၂၀) ရက်၊ ၂၀၂၁

- စစ်ကိုင်းတိုင်း၊ ယင်းမာပင်မြို့နယ်၊ သပြေအေးရွာ၌ အကြမ်းဖက်စစ်အုပ်စုက ဝင်ရောက် ပစ်ခတ်ဖမ်းဆီးမှုပြုလုပ်ပြီး ရွာတွင်း တပ်စွဲထားသောကြောင့် ရွာခံများ အိုးအိမ်စွန့်ခွာ ထွက်ပြေးနေရပြီး တရွာလုံး လူသူမရှိ ခြောက်ကပ်တိတ်ဆိတ်နေဟုသိရ။
- တိုင်းပြည်အာဏာကို မတရားလုယူ သိမ်းပိုက်ခြင်း၊ နိုင်ငံ့ခေါင်းဆောင်များ၊ နိုင်ငံရေးသမားများ၊ တက်ကြွလှုပ်ရှားသူများ နှင့် ကျောင်းသားပြည်သူများကို အကြမ်းဖက်ဖမ်းဆီး ပစ်ခတ်သတ်ခြင်း စသည့် အကြမ်းဖက်စစ်အုပ်စု၏ လုပ်ရပ်များက NCA စာချုပ်ပါ အချက်များသာမက စာချုပ်တခုလုံးကို ချိုးဖောက်ကျူးလွန်နေခြင်း ဖြစ်ကြောင်း KNLA တပ်မဟာ (၅) ကြေညာချက်ထုတ်ပြန်။
- ကချင်ပြည်နယ်၊ဝိုင်းမော်မြို့နယ်ရှိ အကြမ်းဖက်စစ်အုပ်စု၏ ခမရ ၃၈၉ တပ်စခန်းကို သိမ်းပိုက်နိုင်ခဲ့ကြောင်း KIA အတည်ပြု။
- အမေရိကန်နိုင်ငံခြားရေးဝန်ကြီး အန်တိုနီ ဘလင်ကန်နှင့် အိန္ဒိယပြည်ပရေးရာဝန်ကြီး အက်စ်ဂျိုင်ရှန်ကာ တို့သည် မြန်မာနိုင်ငံ၏ အခြေအနေနှင့်ပတ်သက်ပြီး ဧပြီ ၁၉ ရက်က ဆွေးနွေးပြောဆိုခဲ့ကြပြီး မြန်မာနိုင်ငံ၌ ဒီမိုကရေစီ ပြန်လည် ထူထောင်ရေးအတွက် ထောက်ခံကြောင်း ထုတ်ဖော်ခဲ့ ကြသည့်အပြင် ဒီမိုကရေစီ တန်ဖိုးများနှင့်ပတ်သက်ပြီး ၎င်းတို့၏ တူညီသော ကတိကဝတ်များကို ထပ်လောင်းအတည်ပြုခဲ့ကြဟုသိရ။
- မန္တလေးမြို့ရှိ လေးပြင်လေးရပ်သံဃာတော်များ၊ စိန့်ဂျိုးဇက်ကက်သလစ်သီလရှင်များ၊ အစ္စလာမ်ဘာသာဝင်များနှင့် ဟိန္ဒူဘာသာဝင်များက ဘာသာပေါင်းစုံ စုပေါင်းမျှဝေလှူဒါန်းခြင်းအစီအစဉ်ဖြင့် အမရပူရမြို့နယ်အတွင်း စားဝတ်နေရေး ခက်ခဲနေသော အိမ်ထောင်စု(၃၀၀)ခန့်အား အခြေခံ စားသောက်ကုန်များ သွားရောက်လှူဒါန်းခဲ့။




- စစ်ကိုင်း၊ မြောင်မြို့နယ်၊ ဖွားစောကျေးရွာရှိ ကွမ်းရွက်ထွက်ဝယ်သူတစ်ဦးကို စစ်အုပ်စုက အကြောင်းမဲ့ ပစ်သတ်ခဲ့။
- ပုသိမ်မြို့၌ ညလူအိပ်ချိန်များတွင် စစ်အုပ်စုမှ မြို့အနှံ့လှည့်လည်ပြီး နေအိမ်များသို့ ဝင်ရောက်ကာ အင်အားသုံး ဖျက်ဆီးခြင်း၊ အဖိုးတန်ပစ္စည်းနှင့် ငွေများ လုယက်ခြင်း တို့ကို ပြုလုပ်လျက်ရှိ။
- ညောင်ဦးမြို့နယ်၊ မီးလောင်ဖျား ကျေးရွာကို ဧပြီ ၁၉ ရက် ညပိုင်းတွင် စစ်အုပ်စုက အကြမ်းဖက်ရှာဖွေပြီး ဒေသခံ ၃၀ ကျော် ဖမ်းဆီးသွားခဲ့။
- စစ်ကိုင်း၊ ကန့်ဘလူမြို့ရှိ ဂျာနယ်အယ်ဒီတာဟောင်းတဦး ဖြစ်သူ ကိုအောင်မျိုးထက်၊ ရောဝတီ-မြောင်းမြမြို့ရှိ အလွတ်တန်း သတင်းထောက်တစ်ဦးဖြစ်သူ ဦးရဝေမောင်ကို စစ်အုပ်စုက ဖမ်းဆီးခဲ့။
- မန္တလေးမြို့ရှိ ဘုရားကြီးငြိမ်းချမ်းရေး သပိတ်စစ်ကြောင်း၊ အ.ထ.က(၇) ကျောင်းသားဟောင်းများ၊ တပ္ပဝတီ လူထုစစ်ကြောင်း၊ ဗကသနှင့် ပညာရေးသပိတ် စစ်ကြောင်းများ။ ပဲခူးမြို့။ စစ်ကိုင်း-ကသာမြို့။ မိတ္ထီလာမြို့တို့၌ အာရုဏ်ဦး သပိတ်ပြုလုပ်ခဲ့ကြ။
- ရန်ကုန်၊ သာကေတမြို့နယ်ရှိ ပြည်သူများ စုပေါင်းပြီး နှင်းဆီသပိတ်။ ပဲခူး၊ ဒိုက်ဦးမြို့နယ်တွင် ပိုစတာသပိတ် စသဖြင့် ပြုလုပ်ခဲ့ကြ။ ပေါင်မြို့နယ်နှင့် ရွှေဘိုမြို့ တို့၌ ဆိုင်ကယ်သပိတ်ကို ပြုလုပ်ခဲ့ကြ။
- စစ်ကိုင်းမြို့၊ ဧရာဝတီမြစ်ကမ်းဘေးရှိ ရွှေတောင်ဦးမော်စေတီ၏ နံရံ လက်ရမ်းတွင် "ပြည်သူ့ကျိန်စာ ဧရာဝတီ မြစ်ရေအလား၊ စစ်အုပ်စုထံ အတားစီးမဲ့ စီးပါစေသား" စာတမ်းများ ချိတ်ဆွဲထားသည်ကို တွေ့ရ။
- သပိတ်မှတ်စု
- ဖားကန့်မြို့နယ်၊ အေးမြသာယာသပိတ်စစ်ကြောင်း။ ရေဖြူမြို့နယ်- ကံပေါက်ဒေသ။ ပုသိမ်မြို့။ ရန်ကုန်မြို့-လှိုင်သာယာ။ မန္တလေး-မြစ်သားနှင့် ကျောက်ဆည်ကြားရှိ သိုတန်၊ကျောက်ဆောင်၊ ဒရယ်ကောင်း ကျေးရွာများ။ ကချင်ပြည်နယ်- မိုးကောင်းမြို့။ လွိုင်ကော်မြို့၊ နာနတ်တောသပိတ်။ မုံရွာ-ပင်မသပိတ်။ စစ်ကိုင်း - တန့်ဆည်မြို့၊ ကလေးမြို့၊ ဒီပဲယင်းမြို့နယ်။ နမ္မတီးမြို့။ မိုးကုတ်မြို့။ ထားဝယ်မြို့။ တနင်္သာရီ-လောင်းလုံမြို့။ စသည့် မြို့အသီးသီးတို့၌ လူအင်အား ရာချီသော သပိတ်စစ်ကြောင်းကြီးများ ချီတက်၍ ဆန္ဒဖော်ထုတ်ခဲ့ကြဟုသိရ။

ရင်းမြစ် - ခေတ်သစ်၊ဧရာဝတီ၊ မဇ္ဈိမ မှ

ဖေဖော်ဝါရီ(၁)ရက်မှစပြီး
ဧပြီလ(၁၉)ရက်အထိ

ကျဆုံးသူဦးရေ
- ၇၃၀ ဦး
( ကလေးငယ် ၅၀ ဦးပါဝင် )

အဖမ်းဆီးခံရသူဦးရေ
- ၃၂၆၁ ဦး

ဝရမ်းထုတ်ခံရသူဦးရေ
- ၉၇၀ ဦး

ရင်းမြစ် - အေအေပီပီမှ



ဧပြီ (၂၀) ရက်၊ ထားဝယ်မြို့ရှိ အင်ဂျီနီယာ၊ ပညာရေးနှင့် ပြည်သူလူထုစုပေါင်းသပိတ်စစ်ကြောင်းကို တွေ့ရစဉ်

**အရေးတော်ပုံ မုချ အောင်ရမည်**

ညှော့ စာရင်း တိုင် မယ်ဆို CDM တွေကို အားနာပါ


www.facebook.com/thevoiceofspring
twitter@NewsPamphlet
thevoiceofspringdaily@gmail.com
နွေဦးအသံ
the voice of spring
21.4.2021 · Wednesday · No . 16 · Daily News Pamphlet